FROM THE AUTHOR OF *SAPIENS*

# Yuval Noah Harari



# 21 Lessons for the 21st Century

**အနှစ်ချုပ်**

ထင်ဇော်မှူးသင်(မြန်မာပြန်)

# 21 Lessons for the 21st Century  အနှစ်ချုပ်ဘာသာပြန်
# ထင်ဇော်မှူးသင် (မြန်မာပြန်)

*

မူရင်းစာရေးဆရာ Yuval Noah Harari ရေးသားထားသော 21 Lessons for the 21st Century စာအုပ်၏ အနှစ်ချုပ်အား ဘာသာပြန်သည်။

ဘာတွေ သိမှတ်ရမလဲ

နှစ်ဆယ့်တစ်ရာစု၌ အနာဂတ်ကို ကြိုတင်ရှုမြင်ပြင်ဆင်နိုင်ဖို့ စဥ်းစားစရာတွေ သိရမည်။

နှစ်ဆယ့်တစ်ရာစုသည် ထူးခြား၏။ အတောမသတ်သော ပြောင်းလဲမှုများ၊ မသေချာ မရေရာသော အနာဂတ်များအလယ်၌ အစိုးရမင်းများကော လူပုဂ္ဂိုလ်တစ်ဦးချင်းစီပါ နည်းပညာ၊ နိုင်ငံရေးနှင့် လူမှုရေးကိစ္စ မြားမြောင်တို့တွင် အဆက်ပြတ်မသွားဘဲ လိုက်မီအောင် အသည်းအသန် ကြိုးစားနေရသည်။ ချောက်ချားစရာ ကောင်းလောက်အောင် ဉာဏ်ရှိလာသည့် ကွန်ပျူတာများ၊ ဂလိုဘယ်လိုက်ဇေးရှင်းနှင့် သတင်းတုများဖြင့် ပြည့်နှက်နေသည့် ခေတ်သစ်ဖြစ်စဉ်ကို ကျွန်တော်တို့ ဘယ်လိုတုံ့ပြန်သင့်သနည်း။ အကြမ်းဖက်ဂါဒ၏ ခြိမ်းခြောက်မှုကိုကော။ ရန်ကို ရန်ချင်း တုံ့ပြန်ရမည်လား၊ ဒါမှမဟုတ် ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဟု နှလုံးသွင်းကာ နေသာသလို နေရမည်လား။

ယခုအနှစ်ချုပ်များတွင် ထိုမေးခွန်းများအတွက် အဖြေကိုသာမက အခြား

စဥ္းစားစရာများကိုပါ တွေ့ရလိမ့်မည်။ ပညာရေးကို ချဥ္းကပ်သည့် နည်းလမ်းအား ပြောင်းလိုက်ခြင်းအားဖြင့် ကလေးများအတွက် အနာဂတ်ကို မည်သို့ ပြင်ဆင်ပေးထားမည်နည်း၊ စက်ရုပ်များနှင့် အလိုအလျောက်စနစ်များသည် ရုံးအလုပ်များ၏ အနာဂတ်အတွက် မည်သို့ သက်ရောက်မှုရှိမည်နည်း၊ နယ်မြေရွှေ့ပြောင်း နေထိုင်သူများအပေါ် အမြင်မတူခြင်းက နှစ်ဆယ့်တစ်ရာစု ဥရောပကို အဘယ်ကြောင့် နှစ်ခြမ်း ကွဲသွားစေနိုင်သနည်း စသည်တို့ကိုလည်း ဖတ်ရှုရမည်။

စိတ်လှုပ်ရှားစရာ ကောင်းသည့် အခြေအနေများကို ရင်ဆိုင်ရာတွင် အကူအညီဖြစ်စေဖို့ အရေးကြီးသည့် အချို့သင်ခန်းစာများကို စာရေးဆရာ ယူဗယ် နိုအာ ဟာရရီက တွက်ချ ပြထားပါသည်။

ယခုအနှစ်ချုပ်များတွင်

*နည်းပညာဆိုင်ရာ ပြောင်းလဲမှုများက Brexit ဖြစ်ရပ်ဆီ မည်သို့ ဦးတည်သွားခဲ့သလဲ

*မည်သည့်အတွက်ကြောင့် အကြမ်းဖက်သမားများထက် ကားများက ပို၍ကြောက်စရာ ကောင်းသလဲ၊

*ကလေးများကို ဘာကြောင့် စာများများ မသင်ဖို့ လိုအပ်သလဲ စသည်တို့ကို ဖတ်ရဦးမည်။

***